## ပြည်ထောင်စုလွှတ်တော်ရုံး
## သုတေသနဌာန

# မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် အခွန်ရရှိမှုများ လေ့လာချက်

(၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ဝေသည်)



ဤစာတမ်းတိုတွင် မြန်မာနိုင်ငံ၏ အခွန်အမျိုးအစားများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံပေးနေသည့် အခွန်အမျိုးအစားများ၊ ဘဏ္ဍာနှစ်အလိုက် အခွန်ငွေရရှိမှုများ၊ အခွန်ရငွေနှင့် ဂျီဒီပီအချိုး၊ အခွန်ငွေအများဆုံး ရရှိသည့် အခွန်အမျိုးအစားများ၊ ပြည်ထောင်စု၏ စုစုပေါင်းရငွေများကို ဖော်ပြထားသည်။ ဤစာတမ်းတိုကို အချက်အလက်အသစ်များ ရရှိသည့်အပေါ် မူတည်၍ မွမ်းမံပြီး ထုတ်ဝေသွားပါမည်။ အချက်အလက်များ အားလုံးအတွက် လစဉ်အချက်အလက်အသစ် ရရှိသည် မဟုတ်ပါ။ အချို့ အချက်အလက်များမှာ တစ်နှစ်တစ်ခါ ထုတ်ပြန်သည်မျိုးလည်း ရှိပါသည်။ ထို့ကြောင့် စာတမ်းတိုပါ အချို့အချက်အလက်များနှင့် သုံးသပ်ချက်များသည် ထုတ်ဝေမှု တစ်ခုနှင့်တစ်ခုအကြား တူညီနိုင်ပါသည်။ စာတမ်းတိုတွင် မူဝါဒများကို ပြည့်စုံစွာ သုံးသပ်ထားခြင်းမျိုး မပါရှိပါ။ အချက်အလက်ဖြစ်ပျက်စဉ်များ (Trend) နှင့် အချက်အလက်နှိုင်းယှဉ်မှုများကိုသာ ဖော်ပြထားပါသည်။




သုတေသနစာတမ်းတိုအမှတ် (၆၄)

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အခွန်အမျိုးအစားများ | ၁ |
| အခွန်ငွေရရှိမှုများ | ၂ |
| ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အခွန်လျှော့ထားချက်များနှင့် အခွန်အမျိုးအစားအလိုက် အခွန်ရငွေများ | ၅ |

## မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် အခွန်ရရှိမှုများ လေ့လာချက်

### အခွန်အမျိုးအစားများ

၁။ **အခွန်**ဆိုသည်မှာ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်သူများ၏ အကျိုးအတွက် နိုင်ငံတော် အစိုးရမှ ကျခံဆောင်ရွက်ရန် ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်း အနေဖြင့်လည်းကောင်း မထည့်မနေရ ထည့်ဝင်ရမည့်ငွေ ဖြစ်သည်။[1]

၂။ အခွန်ကို အဓိကအားဖြင့် **တိုက်ရိုက်ခွန်** နှင့် **သွယ်ဝိုက်ခွန်** ဟူ၍ (၂) မျိုး ခွဲခြားထားပါသည်-

(က) **တိုက်ရိုက်ခွန်** ဆိုသည်မှာ ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ်တွင် ကောက်ခံသည့် အခွန် အမျိုးအစားဖြစ်ပြီး အခွန်ပေးဆောင်ရန် တာဝန်ရှိသူနှင့် ကျသင့်အခွန်ကို ကျခံရန် တာဝန်ရှိသူသည် တစ်ဦးသာဖြစ်ပါသည်။ (ဥပမာ- ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်)[2]

(ခ) **သွယ်ဝိုက်ခွန်** ဆိုသည်မှာ ကုန်စည်ထုတ်လုပ်ခြင်း သို့မဟုတ် ကုန်သွယ်မှု ဆောင်ရွက်ခြင်း သို့မဟုတ် တင်သွင်းလာသည့် ကုန်စည်ကို ပြန်လည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ခြင်းတို့အတွက် ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်သူက ရောင်းရငွေ သို့မဟုတ် ရငွေနှင့်အတူ ကုန်စည်ကို ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုကို ရယူသူထံမှ ကျသင့်အခွန်ကို တစ်ပါတည်း ကောက်ခံပြီး အခွန်ဌာနသို့ ပေးသွင်းရသည့် အခွန်အမျိုးအစား ဖြစ်ပါသည်။ (ဥပမာ- ကုန်သွယ်လုပ်ငန်းခွန်)[3]

၃။ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံပေးနေသည့် အခွန်အမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကုန်သွယ်လုပ်ငန်းခွန်။

(ခ) ဝင်ငွေခွန်။

(ဂ) တံဆိပ်ခေါင်းခွန်။

(ဃ) အောင်ဘာလေသိန်းဆုခွန်။[4]

---

[1] စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ပြည်တွင်းအခွန်များဦးစီးဌာန၊အခွန်အကြောင်းသိကောင်းစရာ၊ available from:www.irdmyanmar.gov.mm [viewed 12.11.2018]

[2] Ibid

[3] Ibid

[4] Ibid

၄။ **ကုန်သွယ်လုပ်ငန်းခွန်** ဆိုသည်မှာ ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် သွယ်ဝိုက်ခွန်ဖြစ်ပါသည်။[5]

၅။ **ဝင်ငွေခွန်** ဆိုသည်မှာ ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေအရ ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ်တွင် ကောက်ခံသည့် တိုက်ရိုက်ခွန် ဖြစ်ပါသည်။[6]

၆။ **တံဆိပ်ခေါင်းခွန်** ဆိုသည်မှာ ၁၈၇၀ ပြည့်နှစ် ရုံးခွန်အက်ဥပဒေနှင့် ၁၈၉၉ ခုနှစ် မြန်မာနိုင်ငံ တံဆိပ်ခေါင်း အက်ဥပဒေတို့အရ စာမှတ်စာတမ်းများ တင်သွင်းခြင်းနှင့် စာချုပ်စာတမ်းများ ချုပ်ဆိုခြင်းတို့အတွက် ကျသင့်ရုံးခွန်/ တံဆိပ်ခေါင်းခွန် ထမ်းဆောင်စေခြင်းဖြင့် ကောက်ခံပါသည်။[7]

၇။ **အောင်ဘာလေသိန်းဆုခွန်** ဆိုသည်မှာ လစဉ်လတိုင်း ထီစာအုပ်ရောင်းရငွေ၏ ၄၀ ရာခိုင်နှုန်းကို အောင်ဘာလေသိန်းဆုခွန်အဖြစ် ကောက်ခံပြီး ကျန် ၆၀ ရာခိုင်နှုန်းကို ဆုငွေအဖြစ် ခွဲဝေပေးပါသည်။ ထီထိုး ကံစမ်း၍ ထီပေါက်ခံပါက ဆုငွေများအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့် ရရှိပါသည်။[8]

## အခွန်ငွေရရှိမှုများ




Source: ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ဒုတိယ (၆) လပတ် အခွန်ရငွေစာရင်းများအပေါ် လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအမှတ်စဉ် (၁၁/၂၀၁၈)၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ။

၈။ ဘဏ္ဍာနှစ်အလိုက် အခွန်ကောက်ခံရရှိမှုများအနေဖြင့် ၂၀၁၇- ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံပေါင်း ၇၄၀၀ ကျော် ကောက်ခံရရှိခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အခွန်ကောက်ခံရရှိမှုသည်

---

[5] စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ပြည်တွင်းအခွန်များဦးစီးဌာန၊အခွန်အကြောင်းသိကောင်းစရာ၊ available from:www. irdmyanmar.gov.mm [12.11.2018]

[6] Ibid

[7] Ibid

[8] Ibid

နှစ်စဉ် တိုးတက်လာခဲ့ပြီး ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံပေါင်း ၇၁၀၀ ကျော်အထိ ကောက်ခံရရှိခဲ့ပါသည်။

**ဘဏ္ဍာနှစ်အလိုက် အခွန်ရငွေနှင့်ဂျီဒီပီအချိုး**
**(၂၀၁၁-၂၀၁၂ မှ ၂၀၁၇-၂၀၁၈ အထိ)**

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | အခွန်ရငွေ | အခွန်နှင့်ဂျီဒီပီအချိုး |
|---|---|---|
| ၂၀၁၁-၂၀၁၂ | ၁၆၈၃ | ၃.၆ |
| ၂၀၁၂-၂၀၁၃ | ၃၃၇၃ | ၆.၆ |
| ၂၀၁၃-၂၀၁၄ | ၄၄၅၉ | ၇.၇ |
| ၂၀၁၄-၂၀၁၅ | ၆၅၁၈ | ၁၀ |
| ၂၀၁၅-၂၀၁၆ | ၆၃၁၅ | ၈.၆ |
| ၂၀၁၆-၂၀၁၇ (ရှေ့ပြေး) | ၇၁၂၂ | ၈.၉ |
| ၂၀၁၇-၂၀၁၈ (ယာယီ) | ၇၄၂၃ | ၈.၂ |

Source: ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ဒုတိယ (၆) လပတ် အခွန်ရငွေစာရင်းများအပေါ် လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအမှတ်စဉ် (၁၁/၂၀၁၈)၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ။

၉။ အထက်ဖော်ပြပါ ဇယားအရ မြန်မာနိုင်ငံ၏ အခွန်နှင့်ဂျီဒီပီအချိုးသည် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် ၈.၂ ရာခိုင်နှုန်းဖြစ်ပါသည်။ ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ မြန်မာနိုင်ငံ၏ အခွန်နှင့်ဂျီဒီပီအချိုးသည် နှစ်စဉ်တိုးတက်လာခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် အနည်းငယ် ကျဆင်းခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ မှ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် အခွန်နှင့်ဂျီဒီပီအချိုးသည် ၁၀ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ခဲ့သည်။

**အခွန်ငွေအများဆုံးရရှိသည့် အခွန်အမျိုးအစားများ**

| အခွန်အမျိုးအစားများ | နှစ်အလိုက်ကောက်ခံရရှိမှု (ကျပ်ဘီလီယံ) | | | | | | |
|---|---|---|---|---|---|---|---|
| | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ |
| ကုန်သွယ်လုပ်ငန်းခွန် | ၇၆၇ | ၁၁၉၄ | ၁၇၀၄ | ၁၈၅၅ | ၂၁၀၆ | ၁၈၇၈ | ၁၁၄၁ |
| အထူးကုန်စည်ခွန် | * | * | * | * | * | ၉၉၄ | ၇၇၉ |
| ဝင်ငွေခွန် | ၇၀၉ | ၁၄၃၃ | ၁၈၀၀ | ၂၂၃၅ | ၂၃၂၆ | ၂၃၂၄ | ၁၂၇၀ |
| အကောက်ခွန် | ၁၃၆ | ၃၆၈ | ၃၆၃ | ၄၉၆ | ၄၆၇ | ၄၈၀ | ၃၁၂ |
| သယ်ယူပို့ဆောင်ရေးအခွန် | ၁၄ | ၂၈၇ | ၂၆၉ | ၃၃၆ | ၃၁၆ | ၃၅၂ | ၁၀၉ |
| ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူမှုအခွန် | * | * | ၂၂၄ | ၃၃၃ | ၃၄၃ | ၄၄၉ | ၂၂၀ |
| ဆက်သွယ်ရေးဝန်ဆောင်မှု အခွန် | * | * | ၀.၀၅၇ | ၁၁၁၀ | ၅၃၀ | ၄၈၆ | ၄၀၁ |

* အချက်အလက်များမရရှိပါ။

Source: စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

၁၀။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အခွန်ငွေ အများဆုံး ရရှိသည့် အခွန်များအနက် ဝင်ငွေခွန်မှ

ကျပ်ဘီလီယံ ထောင့်နှစ်ရာကျော်ဖြင့် အခွန်အများဆုံး ရရှိခဲ့ပြီး ကုန်သွယ်လုပ်ငန်းခွန်မှ ကျပ်ဘီလီယံ ထောင့်တစ်ရာကျော်ဖြင့် ဒုတိယအများဆုံး ရရှိခဲ့ပါသည်။

**ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စု၏ စုစုပေါင်းရငွေ**
**(၂၀၁၅-၂၀၁၆ မှ ၂၀၁၇-၂၀၁၈ အထိ)**




Source: ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ဒုတိယ (၆) လပတ် အခွန်ရငွေစာရင်းများအပေါ် လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ အမှတ်စဉ် (၁၁/၂၀၁၈)၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ။

၁၁။ ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စု၏ စုစုပေါင်းရငွေသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ တစ်သောင်းခုနစ်ထောင်ကျော်ဖြင့် အများဆုံး ရရှိခဲ့ပါသည်။ ပြည်ထောင်စု၏ စုစုပေါင်းရငွေသည် နှစ်စဉ်တိုးတက်လာခဲ့ပြီး ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်ပါက ပို၍ တိုးတက် ရရှိခဲ့ကြောင်းကို တွေ့ရှိရပါသည်။ ရာခိုင်နှုန်းအားဖြင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် ၄၁.၉၂ ရာခိုင်နှုန်းအထိ တိုးတက်ရရှိခဲ့ပါသည်။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အခွန်လျာထားချက်များနှင့် အခွန်အမျိုးအစားအလိုက် အခွန်ရငွေများ

### ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အခွန်အကောက်ရငွေလျာထားချက်များ

(ကျပ်သန်းပေါင်း)

| စဉ် | အခွန်အမျိုးအစားများ | ၂၀၁၈-၂၀၁၉ မူလခန့်မှန်းခြေ |
|---|---|---|
| ၁ | ယစ်မျိုးခွန် | ၁,၀၈၄.၂၇၅ |
| ၂ | ကုန်သွယ်လုပ်ငန်းခွန် | ၂,၁၂၂,၈၃၈.၅၄၇ |
| ၃ | သွင်းကုန်အတွက် လိုင်စင်ခများ | ၇,၀၀၀.၀၀၀ |
| ၄ | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု | ၁၄၂,၇၈၁.၆၁၂ |
| ၅ | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ | ၁၂၁,၄၀၀.၀၀၀ |
| ၆ | တံဆိပ်ခေါင်းခွန် | ၇၄,၆၃၆.၇၁၉ |
| ၇ | မှတ်ပုံတင်ဝင်ဆံသွင်းအခွန် | ၇၂၀. |
| ၈ | ခရီးလှည့်လည်ရေးလိုင်စင်/ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်/ ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်/ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး | ၈၆၅.၄၇၅ |
| ၉ | အထူးကုန်စည်ခွန် | ၁,၃၉၁,၄၅၉.၃၁၆ |
| ၁၀ | ဝင်ငွေခွန် | ၂,၃၂၄,၈၁၆.၃၂၀ |
| ၁၁ | အကောက်ခွန် | ၅၃၀,၀၀၀.၀၀၀ |
| ၁၂ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | ၁၀.၃၉၂ |
| ၁၃ | ရေခွန် | ၇၆.၀၀၃ |
| ၁၄ | တာတမံခွန် | ၀.၀၂၅ |
| ၁၅ | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန် | ၅,၁၀၀.၀၀၀ |
| ၁၆ | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ) | ၄၅.၀၄၈ |
| ၁၇ | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ | ၂,၆၀၇.၀၀၀ |
| ၁၈ | ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | ၄၁၀,၃၁၃.၂၁၂ |
| ၁၉ | ဓာတ်သတ္တုခွန်နှင့်ရတနာခွန် | ၃၀,၃၆၈.၀၀၀ |
| ၂၀ | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ | ၃၉၆,၉၆၃.၈၀၀ |
| ၂၁ | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ | ၁၂,၁၉၇.၉၂၀ |
| ၂၂ | မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန် | ၆၅၀.၅၅၀ |
| | **စုစုပေါင်း** | **၇,၅၇၅,၉၃၄.၂၁၄** |

Source: စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြချက်၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ။

၁၂။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ အခွန်ရငွေ ခန့်မှန်းချက်မှာ ကျပ်ဘီလီယံပေါင်း ၇,၅၇၅ ကျော် ဖြစ်ပါသည်။ ဝင်ငွေခွန်ကို ကျပ်ဘီလီယံပေါင်း ၂,၃၂၄ ကျော်ဖြင့်

အများဆုံးရရှိရန် ခန့်မှန်းထားပြီး ကုန်သွယ်လုပ်ငန်းခွန်ကို ကျပ်ဘီလီယံ ၂,၁၂၂ ကျော်ဖြင့် ဒုတိယ အများဆုံး ရရှိရန် ခန့်မှန်းထားပါသည်။

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အခွန်အမျိုးအစားအလိုက် ပြည်ထောင်စု၏ အခွန်အကောက်ရငွေ (မူလခန့်မှန်းခြေ)**




Source: စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြချက်၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ။

၁၃။ အထက်ဖော်ပြပါ သတင်းအချက်အလက်များအရ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏အခွန်အကောက်ရငွေ (မူလခန့်မှန်းခြေ) ကို ဝင်ငွေခွန်တွင် ကျပ်ဘီလီယံ နှစ်ထောင့်သုံးရာကျော်ဖြင့် အများဆုံးရရှိရန် လျာထားခဲ့ပါသည်။ ကုန်သွယ်လုပ်ငန်းခွန်တွင် ကျပ်ဘီလီယံ နှစ်ထောင့်တစ်ရာကျော်ဖြင့် ဒုတိယရရှိရန် လျာထားခဲ့ပြီး အထူးကုန်စည်ခွန်တွင် ထောင့်သုံးရာကျော် ရရှိရန်လျာထားခဲ့ပါသည်။ အောင်ဘာလေသိန်းဆုခွန်တွင် ကျပ်ဘီလီယံ တစ်ရာ့လေးဆယ်ကျော်နှင့် တံဆိပ်ခေါင်းခွန်တွင် ကျပ်ဘီလီယံ ခုနစ်ဆယ်ကျော်ရရှိရန် လျာထားခဲ့ပါသည်။



## သတိပြုရန်

ဤသတင်းအချက်အလက်များသည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက်ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန် မဟုတ်ပါ။ အချိန်နှင့် တပြေးညီနောက်ဆုံးရ သတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာ အကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များ လိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုဌာနသည် စာတမ်းတိုများတွင်ပါဝင်သော အကြောင်းအရာများအား လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့်သာ မျှဝေဆွေးနွေးမည် ဖြစ်ပါသည်။ အများပြည်သူနှင့် မျှဝေရန် မဟုတ်ပါ။




**နေရာ** – ဇမ္ဗူသီရိခန်းမဆောင် ( ပထမထပ် )

**တယ်လီဖုန်း** – ၀၆၇-၃၉၀၂၇၆၊ ၃၉၀၄၀၇

**Email** – research.pds@gmail.com